လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားထုတ်ပြန်ချက်ကို တက်ကြွစွာကြိုဆိုထောက်ခံပါသည်

(၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် ပြည်သူ့ဆန္ဒနှင့်ကိုက်ညီရမည်။ ပြည်သူလူထုကရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပြည်သူများကို အမှန်တကယ် ကိုယ်စားပြုသူများသာ အဓိကပါဝင်ရေးဆွဲရမည်။

၂။ အထက်ပါ အနှစ်ချုပ်ဖော်ပြထားချက်များ မပါရှိဘဲ။ 'တစ်ဖက်သတ်ရေးဆွဲသည့် မည်သည့် အခြေခံဥပဒေကိုမျှ လက်ခံနိုင်မည် မဟုတ်ပါကြောင်း' ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့၊ သဘောထားထုတ်ပြန်ချက်ကို မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက တက်ကြွစွာ ကြိုဆိုထောက်ခံပါသည်။

၃။ (နအဖ)စစ်အစိုးရကျင်းပနေသော 'ညောင်နှစ်ပင်အမျိုးသားညီလာခံ'နှင့် အဆိုပါ ညီလာခံမှ ချမှတ်ရေးဆွဲခဲ့သော၊ ရေးဆွဲနေသော ဦးတည်ချက်များ၊ အခြေခံမူများ၊ အသေးစိတ်အခြေခံမူများသည် ပြည်သူ့ဆန္ဒနှင့် မကိုက်ညီပါ၊ ကိုယ်စားမပြုပါ။ ညောင်နှစ်ပင်ညီလာခံသို့ ၁၉၉၀ ပြည့် နှစ်ရွေးကောက်ပွဲတွင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများပါဝင်နိုင်ခြင်းမရှိပါ။ တိုင်းရင်းသားများကို အမှန်တကယ်ကိုယ်စားပြုသူများလည်း ပါဝင်တက်ရောက်နိုင်ခြင်းမရှိပါ။ အကြောင်းအမျိုးမျိုးဖြင့် ပါဝင်တက်ရောက်နေရသူများအနေဖြင့်လည်း မိမိတို့ကိုယ်စားပြုရာတိုင်းရင်းသားများ၏ လိုလားချက်များကိုတင်ပြနိုင်ခြင်းမရှိပါ။ တင်ပြနိုင်ခဲ့သမျှသည်လည်းတင်းကျပ်စွာချုပ်ကိုင်ထားသည့် 'ညီလာခံကျင်းပရေးလုပ်ထုံးလုပ်နည်း' များအောက်တွင် အရာထင်လာခဲ့ခြင်းမရှိပါ။ (နအဖ) စစ်အစိုးရစိတ်ကြိုက် တစ်ဖက်သတ်ရေးဆွဲ ချမှတ်နေခြင်းသာဖြစ်ပါသည်။

၄။ သို့ပါ၍ အဆိုပါညောင်နှစ်ပင်အမျိုးသားညီလာခံနှင့် ထိုညောင်နှစ်ပင်ညီလာခံ၌ ချမှတ်ရေးဆွဲခဲ့သော၊ ရေးဆွဲနေသော ဦးတည်ချက်များ၊ အခြေခံမူများ၊ အသေးစိတ်အခြေခံမူများကို မိမိတို့ပါတီက ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်ပါသည်။

၅။ ထို့အပြင် (နအဖ) စစ်အစိုးရသည် အဆိုပါညောင်နှစ်ပင်အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် ဦးတည်ချက်များ၊ အခြေခံမူများ၊ အသေးစိတ်အခြေခံမူများဖြင့် အခြေခံဥပဒေမူကြမ်းတစ်ရပ်ကို ရေးဆွဲပြီး လမ်းပြမြေပုံ အဆင့်(၄)တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုမည်ဟု ထုတ်ပြန်ကြေညာထားပါသည်။

၆။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေဖြင့် လမ်းပြမြေပုံ အဆင့်(၄)တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်လာသည့် အခါ လူမျိုးပေါင်းစုံပြည်သူများက ပြတ်ပြတ်သားသားဆန့်ကျင်ကန့်ကွက်မဲပေး၍ ဆန့်ကျင်ပယ်ချသွားနိုင်စေရန် ယခုကတည်းကစည်းရုံးလှုံ့ဆော်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

ဆက်သွယ်ရန်လိပ်စာ ...

ကိုခင်မောင်တင့် (အထွေထွေ အတွင်းရေးမှူး)	ဖုန်း ၀၆၆-၅၅၄၄၆၅
ကိုဌေလင်း (တွဲဘက်အထွေထွေ အတွင်းရေးမှူး)	ဖုန်း ၀၈၁-၄၇၅၉၂၂